# Ascension of the Lord - A

**1st READING:** ***Acts 1:1-11***
တမန်တော်ဝတ္ထု ၁း ၁–၁၁

အိုသီအိုဖိလု၊သခင်ယေရှုးသည်ဒေသနာအမှုတော်ကိုစတင်ဆောင်ရွက်တော်မူသောအချိန်မှစ၍မိမိရွေးကောက်တော်မူသောတမန်တော်များကိုဝိညာဉ်တော်အားဖြင့်မိန့်တော်မူပြီးနောက်ကောင်းကင်ဘုံသို့ယူဆောင်ခြင်းခံတော်မူသောနေ့တိုင်အောင်ကိုယ်တော်သွန်သင်ဆောင်ရွက်တော်မူသမျှကိုကျွန်ုပ်၏ပထမကျမ်းစောင်တွင်ရေးသားဖော်ပြခဲ့ပြီးဖြစ်သည်။ကိုယ်တော်သည်အသေခံတော်မူပြီးနောက်မိမိအသက်ရှင်တော်မူကြောင်းကိုထိုသူတို့အားများစွာသောအထောက်အထားများဖြင့်သက်သေပြတော်မူခ၏။ရက်ပေါင်းလေးဆယ်တိုင်အောင် တပည့်တော်တို့အား ထင်ရှားပြတော်မူ၍၊ဘုရားသခင်၏ နိုင်ငံတော်အကြောင်းကိုဟောပြောသွန်သင်တော်မူခဲ့၏။ကိုယ်တော်သည်သူတို့နှင့်အတူစားပွဲတွင်ရှိတော်မူစဉ်သူတို့အားဂျေရုဆလင်မြို့မှထွက်ခွာမသွားကြဘဲခမည်းတော၏ကတိတော်ကိုစောင့်ငံနေကြရန်မိန့်တော်မူသည်ကား၊သင်တို့သည်ငါ့ထံမှကြားခဲ့ရပြီဖြစ၏။အကြောင်းမူကား၊ယောဟန်သည်ရေဖြင့်ဆေးကြော၏။သို့သော်သင်တို့သည်မကြာမီသန့်ရှင်းသောဝိညာဉ်တော်အားဖြင့်ဆေးကြောခြင်းကိုခံကြရလိမ့်မည်ဟုမိန့်တော်မ၏။သူတို့သည်အတူတကွစုဝေးကြသောအခါ၊သခင်ဘုရားအစ္စရေးလ်လူမျိုးအားသူတို့၏နိုင်ငံကိုပြန်လည်ပေးသနားတော်မူမည့်အချိန်ရောက်ပြီလောဟုကိုယ်တော်အားမေးလျှောက်ကြ၏။ကိုယ်တော်ကသူတို့အားမိန့်တော်မူသည်မှာခမည်းတော်သည်မိမိတန်ခိုးအာဏာဖြင့်စီမံထားသည့်အချိန်အခါနှင့်နေ့ရက်တို့ကိုသင်တို့သိပိုင်ခွင့်မရှိ။သို့ရာတွင်သန့်ရှင်းသောဝိညာဉ်တော်သည်သင်တို့အပေါ်သို့ဆင်းသက်သောအခါသင်တို့သည်ဝိညာဉ်တော်၏အားတန်ခိုးကျေးဇူးကိုခံယူကြရလိမ့်မည်။ထိုအခါသင်တို့သည် ဂျေရုဆလင်မြို့မှစ၍ ဂျူဒေယပြည်၊ဆမာရိယပြည်နှင့်ကမ္ဘာမြေကြီးစွန်းတိုင်တောင်ငါ့ကိုသက်သေခံသောသူများဖြစ်ကြလိမ့်မည်ဟုမိန့်တော်မ၏။ကိုယ်တော်သည်ဤသို့မိန့်တော်မူပြီးနောက်တမန်တော်များကကိုယ်တော်ကိုကြည့်လျက်နေကြစဉ်တွင်ကောင်းကင်သို့ဆောင်ယူခြင်းခံရတော်မူ၍မိုးတိမ်တစ်ခုသည်ကိုယ်တော့်ကိုသူတို့၏မြင်ကွင်းမှပျောက်ကွယ်သွားစေ၏။ သူတို့သည် ကောင်းကင်သို့တက်ကြွတော်မူသော ကိုယ်တော့်ကိုမျှော်ကြည့်လျက် နေကြစဉ်ဖြူစင်သောဝတ်ရုံများဝတ်ဆင်ထားကြသည့်လူနှစ်ဦးသည်ရုတ်တရက်ပေါ်လာ၍သူတို့အနီးတွင်ရပ်နေကြ၏။ထိုသူနှစ်ဦးကဂါလိလေလူတို့သင်တို့သည်အဘယ်ကြောင့်ကောင်းကင်သို့မျှော်ကြည့်လျက်ရပ်နေကြသနည်း။သင်တို့အလယ်မှကောင်းကင်သို့တက်ကြွသွားတော်မူသောယေရှုးသခင်သည်ကောင်းကင်သို့တက်ကြွသည်ကို သင်တို့မြင်ခဲ့ကြသည့်အတိုင်း ထိုနည်းတူ ပြန်လည်ကြွလာတော်မူလိမ့်မည်ဟု သူတို့အားပြောဆိုကြ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## Responsorial Psalm  Psalm  47:2-3, 6-7, 8-9

ဆာလံကျမ်း    ၄၇

**သံပြိုင်။** ။ ကြွေးကြော်သံများဖြင့်ဘုရားသခင်တက်ကြွတော်မူ၏ တံပိုး၊ ခရာမှုတ်သံများဖြင့် ထာဝရဘုရား တက်ကြွတော်မူ၏ ။

R. **God mounts his throne to shouts of joy: a blare of trumpets for the Lord.**

၁။ လူမျိုးအပေါင်းတို့လက်ခုပ်တီးကြလော့။ဘုရားသခင်အားကျယ်သောသီချင်းသံနှင့်ရွှင်လန်းစွာဩဘာပေး ကြလော့။ အကြောင်းမူကား၊ အမြင့်မြတ်ဆုံးသောထာဝရဘုရားသည်ကြောက်မက်ဖွယ်ကောင်းပေ၏ ။ ကိုယ်တော်သည်ကမ္ဘာတစ်ဝှမ်းလုံးကိုအုပ်စိုးတော်မူသောဘုရင်မင်းမြတ်ဖြစ်တော်မူ၏ ။ **သံပြိုင်။**

All you peoples, clap your hands, shout to God with cries of gladness, For the LORD, the Most High, the awesome, is the great king over all the earth.

၂။ ကြွေးကြော်သံများဖြင့်ဘုရားသခင်တက်ကြွတော်မူ၏ တံပိုး၊ ခရာမှုတ်သံများဖြင့်ထာဝရဘုရားတက်ကြွတော်မူ၏ ။ဘုရားသခင်အားထောမနာသီချင်းဆိုကြလော့။ငါတို့၏ ဘုရင်မင်းမြတ်အားထောမနာသီချင်းဆိုကြလော့။ ထောမနာသီချင်းဆိုကြလော့။ **သံပြိုင်။**

God mounts his throne amid shouts of joy; the LORD, amid trumpet blasts. Sing praise to God, sing praise; sing praise to our king, sing praise.

၃။ ဘုရားသခင်သည်ကမ္ဘာတစ်ဝှမ်းလုံး၏ ဘုရင်ဖြစ်တော်မူ၏ ။ ဆာလံဖြင့်ထောမနာ သီချင်းဆိုကြလော့။ ဘုရားသခင်သည် လူမျိုးတကာ တို့ကိုအုပ်စိုးတော်မူသောဘုရင်ဖြစ်တော်မူ၏ ။ဘုရားသခင်သည် မိမိ၏ သန့်ရှင်းမွန်မြတ်သောရာဇပလ္လင် တော်ပေါ်တွင် ထိုင်တော်မူ၏ ။ **သံပြိုင်။**

For king of all the earth is God; sing hymns of praise. God reigns over the nations, God sits upon his holy throne.

**2nd READING: Ephesians 1:17-23**
ဧဖက်ဆုသြဝါဒစာ ၁း ၁၇–၂၃

ကိုယ်တော်သည် သင်တို့အား မည်ကဲ့သို့သောမျှော် လင့်ချက်အတွက် ခေါ်တော်မူသည်ကိုလည်းကောင်း၊ ကိုယ်တော်၏ လူမျိုးတော်အား ကတိထားတော်မူ သော အံ့သြဖွယ်ရာ ကောင်းချီးမင်္ဂလာများမှာ မည်မျှ လောက် များပြားသည်ကိုလည်းကောင်း၊ ယုံကြည်သူ တို့၌ပြတော်မူသော တန်ခိုးတော်ကားမည်မျှလောက် ကြီးမားသည်ကိုလည်းကောင်း၊ သင်တို့မြင်ကြစေရန် သင်တို့၏ ဉာဏ်မျက်စိကို ပွင့်လင်းစေတော်မူပါမည့်အကြောင်း ငါဆုတောင်းပတ္တနာပြု၏။ ထိုတန်ခိုး တော်ကား၊ ခရစ်တော်ကို သေခြင်းမှ ရှင်ပြန်ထမြောက်စေတော်မူခြင်းနှင့်ကောင်းကင်လောကတွင် မိမိ၏လက်ယာတော်ဘက်၌ စံမြန်းစေတော်မူသောအခါ ဘုရားသခင် ပြုတော်မူခဲ့သည့် တန်ခိုးပင်ဖြစ် သတည်း။ ခရစ်တော်သည် ကောင်းကင် လောကကို အစိုးရသူများ၊ အာဏာပိုင်များ၊ တန်ခိုးရှင်များနှင့် အရှင်သခင်အပေါင်းတို့၏ အထွဋ်အထိပ် အဖြစ်ဖြင့် အုပ်စိုးတော်မူ၏။ ကိုယ်တော်၏ နာမတော်သည် မျက်မှောက်လောကနှင့် အနာဂတ်လောက၌ခေါ်ဝေါ်သမုတ်နိုင်သောအထွဋ်အထိပ်ဘွဲ့နာမအပေါင်းတို့ထက်ကြီးမြတ်တော်မူပေသည်။ကိုယ်တော်အားအသင်းတော်အတွက်အထွဋ်အထိပ် အရှင်သခင်အဖြစ်ခန့်ထားတော်မူ၏။ ထိုအသင်းတော်ကား အလုံးစုံတို့ကို ပြည့်ဝစုံလင် ခြင်းဟူသော ပြည့်ဝစုံလင်သူခရစ်တော်၏ ကိုယ်ခန္ဓာ ပေတည်း။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

GOSPEL: Matthew 28:16-20
ရှင်မာတေဦး ဧဝံဂေလိကျမ်း ၂၈း ၁၆–၂၀

တပည့်တော်တစ်ဆယ့်တစ်ပါးတို့သည်သခင်ယေရှု မှာကြားထားတော်မူသည့်အတိုင်း ဂါလိလေနယ်ရှိ တောင်ပေါ်သို့သွားကြ၏။ သူတို့သည်ကိုယ်တော့်ကို တွေ့မြင်ကြသောအခါ ပျပ်ဝပ်ရှိခိုးကြ၏။ သို့သော် အချို့မူကားယုံမှားသံသယရှိကြ၏။သခင်ယေရှုသည်သူတို့အနီးသို့ချဉ်းကပ်တော်မူလျက်ကောင်းကင်ဘုံ၌ လည်းကောင်း၊ ကမ္ဘာပေါ်၌ လည်းကောင်းစီရင်ပိုင်ခွင့် အာဏာရှိသမျှကိုငါ့အား ပေးအပ်ထားလျက်ရှိ၏။ ထို့ကြောင့် သင်တို့သည် သွားကြ၍ လူမျိုးတကာတို့ကို ငါ၏တပည့်များဖြစ် စေကြလျက် ခမည်းတော်၊သားတော်၊သန့်ရှင်းသော ဝိညာဉ်တော်၏နာမတော်မြတ်၌ဆေးကြောကြလော့၊ သင်တို့အား ငါမိန့်မှာထားသမျှကိုလိုက်နာကျင့်ကြံ စေခြင်းငှာ သူတို့ကိုသွန်သင်ကြလော့။ငါသည်ကား ကမ္ဘာကုန်မည့်တိုင်အောင် သင်တို့နှင့်အတူ အစဉ် မပြတ် ရှိမည်ဟု သူတို့အား မိန့်တော်မူသတည်း။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။